# ဝိညာဉ်များကို စုံစမ်းစစ်ဆေးပါ

# Test The Spirits

ကွန်ဖက်ရှင်လူသာရင်အသင်းတော်နှင့် မိတ်ဖက်လူသာရင်အသင်းတော်များတို့တွင် ဘုရားသခင်ထံမှ တိုက်ရိုက်ရူပါရုံရရှိသော ပုဂ္ဂိုလ်များမရှိပါ။ ကျွန်တော်တို့ အခြားသော ဘာသာစကားမပြောကြပါ။ နတ်ဆိုးများ နှင်ထုတ်သော ပွဲများမပြုလုပ်ကြပါ။ ကျွန်တော်တို့တွင် မကျန်းမာသူပေါ် လက်တင်ခြင်းဖြင့် ရောဂါပျောက်စေနိုင်သော တန်ခိုးမရှိကြပါ။ ဤအချက်များကို ကျွန်တော်တို့ ရိုးသားစွာဖြင့် ဝန်ခံကြပါသည်။ ကျွန်တော်တို့ထံတွင် ရှိသည့်အရာမှာ **ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် နှုတ်ကပတ်တော်၏ အမှန်တရားနှင့် စစ်မှန်သန့်ရှင်း**ခြင်းသာဖြစ်ပါသည်။ ဤအတွက် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းကြပါသည်။ တမန်တော်တို့ ပြုလုပ်ခဲ့သော အံ့ဩဖွယ်တန်ခိုးနိမိတ်လက္ခဏာများတို့၏ နောက်ကွယ်တွင် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဂုဏ်တော် တန်ခိုးတော်တို့သည် ကြီးမားကျယ်ပြန့်စွာပါဝင်ခဲ့ပါသည်။ ဘုရားသခင်သည် ယခုတိုင် အံ့ဩဘွယ် နိမိတ်လက္ခဏာများကို ပြုလုပ်လျှက်ရှိနေဆဲပါ။ ဘုရားသခင်သည် သခင်ခရစ်တော်၏ ဧဝံဂေလိတရားတော်တန်ခိုးအားဖြင့် လူအများကို အသက်တာပြောင်းလဲစေလျှက် ရှိနေပါသည်။ ကလေးငယ်များကို ဗတ္တိဇံမင်္ဂလာတွင် ပါဝင်သော ဧဝံဂေလိတရားတော်အားဖြင့်လည်းကောင်း မယုံကြည်သေးသော အသက်ကြီးသူများကို ဧဝံဂေလိနှုတ်ကပတ်တော်အားဖြင့် လည်းကောင်း အသက်တာ ပြောင်းလဲပေးလျှက်ရှိနေပါသည်။ ဘုရားသခင်သည် နှုတ်ကပတ်တော်တန်ခိုး ပါဝင်သော သန့်ရှင်းသော ပွဲတော်မင်္ဂလာအားဖြင့် ကျွန်တော်တို့၏ ယုံကြည်ခြင်းကို ခိုင်ခန့်စေလျှက် ရှိနေပါသည်။ ကျွန်တော်တို့၏ အသင်းတော်သည် နှုတ်ကပတ်တော်အပေါ် အလေးဂရုပြုထားမှုကို သိရှိပြီးဟုထင်ပါသည်။ ဤသည်မှာ သမ္မာကျမ်းစာကိုယ်တိုင် ဖော်ပြချက်ပင်ဖြစ်ပါသည်။

ကျွန်တော်တို့ နှုတ်ကပတ်တော်တွင် ဆက်လက်တည်ရှိနေပါက **ငါ၏တပည့်ဖြစ်ကြလိမ့်မည်**ဟု ကိုယ်တော်ရှင်မှ သွန်သင်ခဲ့ပါသည်။ သို့မှသာ ကျွန်တော်တို့သည် အမှန်တရားကိုသိရှိနိုင်ပြီး ယင်းအမှန်တရား အားဖြင့် လွတ်ခြင်းအခွင့်ကို ရရှိပါမည်။ ယော ၈ : ၃၁-၃၂ နှုတ်ကပတ်တော်၏တန်ခိုးနှင့်ပတ်သက်၍ ဟေဗြဲ ၄ : ၁၂ တွင် ရှင်းလင်းစွာဖော်ပြထားပြီးဖြစ်ပါသည်။ **“ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက်ထက်ခြင်းနှင့်ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့် စိတ်ဝိဉာဉ်ကိုလည်းကောင်း၊ အရိုးအဆစ်နှင့်ခြင်ဆီကိုလည်းကောင်း ပိုင်းခြား၍ ထုတ်ချင်း ခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏”**

## ဝိညာဉ်များကို စုံစမ်းစစ်ဆေးပါ

ဝိညာဉ်များသည် ဘုရားသခင်ထံမှ ဟုတ်/မဟုတ် ဆိုသည်ကို စုံစမ်းစစ်ဆေးရန် ချစ်ခြင်းတမန်တော်၏ အားပေးမှာကြားချက်ဖြစ်ပါသည်။ ကျွန်တော်တို့ ဝိညာဉ်များကို မည်သို့စစ်ဆေးနိုင်မည်နည်း။ ကျွန်တော်တို့ ဘုရားသခင်၏ နှုတ်ကပတ်တော်အလင်းဖြင့် စစ်ဆေးနိုင်ပါသည်။ အခြားဘာသာစကားမပြောခြင်း၊ နတ်ဆိုးနှင်ခြင်း၊ ကျန်းမာစေခြင်းနှင့် ရူပါရုံရရှိခြင်းတို့သည် ဘုရားသခင်ထံမှ လာခြင်းလား (သို့) အခြားထံမှ လာခြင်းလားဆိုသည်ကို ခွဲခြားနိုင်စေရန်အတွက် ဘုရားသခင်၏နှုတ်ကပတ်တော်သည် လိုအပ်သော အလင်းတော်ကိုပေးပါလိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် စံ (သို့) ဥပဒေသတစ်ခုဖြစ်ပြီး ယင်းအားဖြင့် ဤအရာတို့သည် ယနေ့တိုင်တည်ရှိသည် မရှိသည်ကို ခွဲခြားဆုံးဖြတ်နိုင်ပါသည်။ ထို့ပြင် တမန်တော်သည် မိစ္ဆာပရောဖက်နှင့် အန္တိခရစ်၏ ဝိညာဉ်များကို ဆန့်ကျင်ရန် သတိပေးထားပါသည်။

၁ယော ၂ း ၁၈ – ၂၇၊ ၁ယော ၄ း ၁ – ၆။ ကျွန်တော်တို့သည် ဤစာစောင်ငယ်ကို ရေးသားရခြင်းမှာ ချစ်သောမိတ်ဆွေများအနေဖြင့် မှန်ကန်သောဝိညာဉ်နှင့် မှားယွင်းသောဝိညာဉ် ခွဲခြားသိရှိနိုင်ရန် ဖြစ်ပါသည်။

## ဝိညာဉ်ဆုကျေးဇူးများ။

တချို့က တမန်တော်ခေတ်တွင် လုပ်ဆောင်ခဲ့သော အံ့ဩဖွယ်နိမိတ်လက္ခဏာများသည် ယနေ့တွင်လည်း ယင်းဝိညာဉ်ဆုကျေးဇူးများကို ပြုလုပ်နိုင်သည်ဟု ဆိုကြပါသည်။ ပထမဦးစွာအနေဖြင့် မည်သည့်ဝိညာဉ်ဆုကျေးဇူးသည် အမြင့်ဆုံးဖြစ်သည်ကို လေ့လာကြပါစို့။ **အပြစ်ခွင့်လွှတ်ခြင်းသည် အမြင့်ဆုံးဝိညာဉ်ဆုကျေးဇူးဖြစ်ပါသည်။ “ ..... သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ခံကြလော့။ အကြင်သူ၏အပြစ်ကိုသင်တို့လွှတ်လျှင်၊ ထိုသူသည် အပြစ်လွတ်လျက်ရှိ၏။ အကြင်သူ၏အပြစ်ကို သင်တို့တည်စေလျှင် ထိုသူ၏အပြစ်တည်လျက်ရှိ၏” ဟု မိန့်တော်မူ၏။ ယော ၂၀ း ၂၂ – ၂၃** တမန်တော်တို့သည် ကြီးမားကြောက်စရာကောင်းသော အပြစ်တရားကို ဖြေလွှတ်ခွင့်အား ရရှိထားပြီးနောက် ဤဆုကျေးဇူးသည် အကောင်းဆုံးနှင့် အရင်ဆုံးလုပ်ရမည့်အရာဟု သတ်မှတ်ခဲ့ကြပါသည်။ အပြစ်မှ ဖြေလွှတ်ခွင့် ဆုကျေးဇူး မှတဆင့် အခြားသော ဆုကျေးဇူးများ ဆင်းသက်ခြင်းကို သခင်ဘုရားမှ ပေးသနားခဲ့ပါသည်။ ကောရိန္သု အသင်းတော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း မလိုက်နာသဖြင့် ကြီးစွာသောငြင်းခုံခြင်းနှင့် ရှုပ်ထွေးခြင်းများဖြစ်ပွားခဲ့ရာ ရှင်ပေါလုမှ **“သင်တို့သည် အမြတ်ဆုံးသော ဆုကျေးဇူးတော်တို့ကို အလွန် အလိုရှိကြသည်တွင် သာ၍မြတ်သောလမ်းကို ငါပြဦးမည်”** ဟု ၁ကော ၁၂ း ၃၁ တွင် ဖော်ပြထားပါသည်။ ရှင်ပေါလုသည် **၁ကော ၁၂ း ၂၈** တွင် ဆုကျေးဇူးများကို အစဉ်အလိုက် ပထမ၊ ဒုတိယ နှင့် တတိယ ဟူ၍ သတ်မှတ်ထားပါသည်။ အမြင့်ဆုံး ဆုကျေးဇူးအဖြစ်

ပထမတွင် တမန်တော် ဒုတိယတွင် ပရောဖက် (တရားဟောဆရာ) တတိယတွင် ဓမ္မဆရာဟူ၍ သတ်မှတ်ခဲ့ပါသည်။ ဤ (၃) ဌာနတို့သည် နူတ်ကပတ်၏ အချုပ်အခြာတွင် ပါဝင်ပါသည်။ ဘုရားသခင်၏ နူတ်ကပတ်တော် ဖော်ပြချက်အားလုံးတို့သည် အရေးကြီး ပါသည်။ အဘယ့်ကြောင့်ဆိုသော် အပြစ်အမှောင်နှင့် အမှားများကို ယုံကြည်ခြင်း၏ ထွန်းလင်းတောက်ပသော အလင်းဖြင့် ပယ်ဖျက်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ဘုရားသခင်၏နူတ်ကပတ်တော်ကို လေ့လာခြင်းဖြင့် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်ခြင်းမေတ္တာ ဟူသော ဝိညာဉ်ဆုကျေးဇူးများကို သိရှိလာပါသည်။ ရှင်ပေါလုသည် ၁ ကော ၁၃ တွင် ချစ်ခြင်းမေတ္တာကို အထူးသီးခြားဖော်ထုတ်ထားပါသည် ယင်းအခန်းကြီးတွင် အမျိုးမျိုးသော ဘာသာစကားပြောနိုင်သော အခွင့်သည် ကွယ်ပျောက်လိမ့်မည် ဟုဆိုထားပါသည်။ ယင်းနောက် အခန်းကြီး ၁၄ တွင် အခြားသော ဘာသာစကားပြောခြင်းနှင့် ပတ်သက်၍ အသေးစိတ်ပြောဆိုထားပါသည်။ အဘယ့်ကြောင့်ဆိုသော် ကောရိန္သု အသင်းတော်တွင် အခြားဘာသာစကားပြောဆိုမှုနှင့်ပတ်သက်၍ ရောစပ်ရှုပ်ထွေးမှုရှိနေသောကြောင့် ဖြစ်ပါသည်။ ရှင်ပေါလုသည် အခြားသော ဘာသာစကား ပြောခြင်းဆုကျေးဇူးမှာ အဓိကဆုကျေးဇူးမဟုတ်ကြောင်းနှင့် နူတ်ကပတ်တော်သာလျှင် အသက်တမျှ အရေးကြီးကြောင်း ညွှန်ပြခဲ့ပါသည်။ "သို့သော်လည်း အသင်းတော်၌ အခြားသော ဘာသာစကားဖြင့် စကားတစ်သောင်းကိုပြောနိုင်သည်ထက် သူတပါးကို သွန်သင်ခြင်းငှာ စကားငါးခွန်းကိုဉာဏ်နှင့်တကွ ပြောနိုင်သောအခွင့်ကို သာ၍အလိုရှိ၏" ၁ ကော ၁၄ : ၁၉

တမန်တော်များ၏ကာလတွင် အဓိကကျသော ဆုကျေးဇူးနှင့် သာမန်ဆုကျေးဇူးဟူ၍ ရှိခဲ့ပါသည်။ ကျွန်တော်တို့ခေတ်တွင်လည်း ကျွန်တော်တို့၏ ကယ်တင်ခြင်းနှင့် ခရစ်ယာန်ယုံကြည်ခြင်း တိုးတက်စေရန် အဓိက ဆုကျေးဇူးကို ဆက်ခံရယူလျှက်ရှိနေပါသည်။

## အံ့ဩဖွယ်ရာ နိမိတ်လက္ခဏာများ ပြသခွင့်ရှိသော သာမန်ဆုကျေးဇူးများ၏ ရည်ရွယ်ချက်

နိမိတ်လက္ခဏာများပြုလုပ်နိုင်သော သာမန်ဆုကျေးဇူးများ၏ ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ အရေးကြီးသော ကျမ်းပိုဒ်တစ်ခုရှိပါသည်။ "တပည့်တော်တို့သည်လည်း ထွက်သွား၍ သခင်ဘုရားသည် မစတော်မူသည်နှင့်လည်းကောင်း၊ သူတို့၌ဖြစ်သော နိမိတ်လက္ခဏာအားဖြင့် နူတ်ကပတ် တရားတော်ကို တည်စေတော်မူသည်နှင့်လည်းကောင်း ခပ်သိမ်းသောအရပ်တို့၌ တရားဟောကြ၏" မာကု ၁၆ : ၂၀။

တမန်တော်တို့၏ ဟောပြောချက်များကို နိမိတ်လက္ခဏာအားဖြင့် သက်သေပြအတည်ပြုကြသည်။ တမန်တော်တို့မှ ဤအရာတို့သည် ဘုရားသခင်၏နူတ်ကပတ်တော် တန်ခိုးအားဖြင့်ဖြစ်၏ဟု ဆိုကြသည်။ တမန်တော်တို့သည် နူတ်ကပတ်တော်ကို ညွှန်ပြကြပြီး ထိုမှသွေဖယ်မသွားခဲ့ကြပါ။ နောက်ဆုံး ဗျာဒိတ်ကျမ်း

အပါအဝင် သမ္မာကျမ်းစာတစ်ခုလုံးကို ကျွန်တော်တို့ ရရှိသည်နှင့် သန့်ရှင်းသောဗျာဒိတ်တော်သည် ပြီးပြည့်စုံသွားပြီးဖြစ်ပါသည်။ ထို့ကြောင့် ရူပါရုံအားဖြင့် ဗျာဒိတ်ရရှိခြင်း အခြားဘာသာစကားပြောဆိုခြင်းများ စသည်တို့ မလိုအပ်တော့ပါ။ သမ္မာကျမ်းစာတွင်ပါဝင်သော နှုတ်ကပတ်တော်ကို ထပ်ဆောင်း၍ ဖြည့်စွက်ခြင်း မပြုရန် သတိပေးထားပါသည်။ **"ဤစာစောင်၏ အနာဂတ္တိစကားကို ကြားသောသူအပေါင်းတို့အား ငါသက်သေခံသည်ကား အကြင်သူသည် ဤအရာတို့၌ ထပ်၍အသစ်သွင်း၏။ ဤစာစောင်၌ ရေးထားသော ဘေးဒါဏ်တို့ကို ထိုသူအပေါ်သို့ ဘုရားသခင်သက်ရောက်စေတော်မူမည်။ ဗျာဒိတ် ၂၂ း ၁၈။**

ကိုယ်တော်နှင့် ကိုယ်တော်ပြုသော နိမိတ်လက္ခဏာတို့သည် တစ်ခါတစ်ရံ တူညီမှုရှိနေကြောင်း တွေ့ရပါသည်။ တချို့ သီးခြားနိမိတ်လက္ခဏာများဖြစ်သော အနာရောဂါငြိမ်းစေခြင်း၊ လူများကို မစကူညီပေးခြင်းနှင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ကို ဖော်ပြခြင်းတို့ဖြစ်သော်လည်း တခုလုံးခြုံ၍ ကြည့်လိုက်လျှင် ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို အသိပေးခြင်းဖြစ်ပါသည်။ မည်သည့်လူတစ်ဦးကမျှ ဤသို့လုပ်ဆောင်မှုရှိခဲ့ပါသလား။ တမန်တော်ရှင်ယောဟန်မှ **"နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ခံယူ၍၊ ကျေးဇူးတော်နှင့်လည်းကောင်း၊ သစ္စာတော်နှင့်လည်းကောင်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တပါးတည်းသော သားတော်၏ ဘုန်းကဲ့သို့ သူ၏ ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။" ယော ၁ း ၁၄** သခင်ယေရှု၏ နိမိတ်လက္ခဏာများတို့သည် လူသားများကို ကယ်တင်ရန် အနန္တတန်ခိုးနှင့်ပြည့်စုံသော ဘုရားသခင်သည် ထာဝရတည်သော နှုတ်ကပတ် တော်အားဖြင့် လူဇာတိကိုခံယူခဲ့ကြောင်းကို ညွှန်ပြနေပါသည်။ သခင်ယေရှု လူဇာတိခံယူပြီး လောကတွင် ရှိနေစဉ် ကိုယ်တော်၏နိမိတ်လက္ခဏာများသည် ကိုယ်တော်ကိုညွှန်ပြပြီး **"ကိုယ်တော်၏ စကားကို နားထောင်ကြလော့"** ဟု ဆိုလျက်ရှိနေပါသည်။

ထိုကဲ့သို့ပင် တပည့်တော်တို့အား ပေးအပ်ခဲ့သော နှုတ်ကပတ်တော်သည် နိမိတ်လက္ခဏာပါဝင်လျက် ကိုယ်တော်သည် ဘုရားသခင်၏သန့်ရှင်းသော ဗျာဒိတ်တော်ဖြစ်၍ ကိုယ်တော်၏စကားကိုနားထောင်ကြလော့ ဟု ဆိုပါသည်။

ဟေဗြဲ ဩဝါဒစာကို ရေးသားခဲ့သူက **"ထို့ကြောင့် ငါတို့သည်ကြားရသော ဒေသနာတော်ကို မမေ့မလျော့မည်အကြောင်း စိတ်နှလုံး၌သာ၍မှတ်မိစွဲလမ်းခြင်းရှိကြရမည်။ ..... အစဦး၌ ဘုရားသခင် ဟောတော်မူ၍ ဒေသနာစကားတော်ကို ကြားရသောသူတို့သည် ယုံလောက်သောသက်သေအားဖြင့် ငါတို့အားဆင့်ဆို၍ ဟောပြောသော ဤမျှလောက် ကြီးစွာသော ကယ်တင်တော်မူခြင်းတရားကို ငါတို့သည် နားမထောင်ဘဲနေလျှင် အပြစ်ဒဏ်နှင့် အဘယ်သို့ လွတ်ကြလိမ့်မည်နည်း။ ထိုသက်သေခံသောသူတို့နှင့်အတူ ဘုရားသခင်သည် နိမိတ်လက္ခဏာ၊ အံ့ဖွယ်သော အမှုအားဖြင့်လည်းကောင်း**

ထူးဆန်းသောတန်ခိုး အထူးထူး အပြားပြားအားဖြင့်လည်းကောင်း သန့်ရှင်းသော ဝိညာဉ်တော်သည် မိမိအလိုတော်အတိုင်း ဝေငှသောဆုကျေးဇူးအားဖြင့်လည်းကောင်း သက်သေခံတော်မူပြီ။ ဟေဗြဲ ၂ း ၁၊ ၃ – ၄ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကိုယ်တော်ဖြစ်ကြောင်း နိမိတ်လက္ခဏာ အားဖြင့် သက်သေပြုပါသည်။

အတည်ပြုပြီးသော ကျမ်းစာသည် ယခုအခါ ပြီးပြည့်စုံနေပါပြီ။ သမ္မာကျမ်းစာသည် ဘုရားသခင်မှ ကျွန်တော်တို့အား ပေးအပ်သော နှုတ်ကပတ်တော်ဖြစ်ပါသည်။ ကျွန်တော်တို့ ဖတ်ရှုရပါမည်။ လေ့လာ ရပါမည်။ သင်ကြားခံယူ ယုံကြည်ရပါမည်။ အဘယ်ကြောင့်ဆိုသော် သမ္မာကျမ်းစာတွင် ချစ်သောသခင်နှင့် ကယ်တင်ခြင်းလမ်းကို ကျွန်တော်တို့အတွက် အောင်မြင်စွာရယူထားကြောင်း ဖော်ပြထားသောကြောင့် ဖြစ်ပါသည်။ နိမိတ်လက္ခဏာသည် ပေးအပ်ထားသော နှုတ်ကပတ်တော်နှင့် ဒွန်တွဲလျက်ရှိနေပါသည်။ ယခုအခါ ကျွန်တော်သည် အလုံးစုံသော နှုတ်ကပတ်တော်ကို ပိုင်ဆိုင်ရရှိထားပြီးဖြစ်ပါသည်။

**မူလအစစ်အမှန်ဟု ထင်ယောင် ထင်မြင်နေသော ယနေ့နိမိတ်လက္ခဏာများ**

မူလအစစ်အမှန်ဟု ထင်မြင် ထင်ယောင်နေသော ယနေ့နိမိတ်လက္ခဏာများတို့သည် လိမ်လည် ခြင်းသာဖြစ်ပါသည်။ ရှင်ပေါလုခေတ်တွင် လမ်းမပေါ်၌ များစွာသော ကြွားဝါးတတ်သူများသည် ကြီးမားသော အမှန်တရားနှင့် နိမိတ်လက္ခဏာဟုထင်ရသော အရာများကို ပြုလုပ်တတ်ကြပါသည်။ လူတို့သည် တပည့်နောက်လိုက်များ ရရှိရန်လုပ်ဆောင်ခြင်းဖြစ်ပါသည်။ မျက်လှည့်ပညာများပြသပြီး မိမိကိုယ်မိမိ ကြီးမြတ်သောသူဟု အထင်ကြီးနေသူဆိုင်မွန်ကို ရှင်ပေတရု ဆန့်ကျင်ခဲ့ပါသည်။ **"ဆိတ်ကွယ်ရာအရပ်၌ ပြုသော ရှုယ်ဖွယ်သောအမှုများကို ပယ်ကြ၏။ ပရိယာယ်ကိုမသုံး၊ ဘုရားသခင်၏နှုတ်ကပတ် တရားတော်ကို ထိမ်ဝှက်မှောက်လှန်ခြင်းမရှိ၊ သမ္မတရားကို အတိအလင်းဖော်ပြ၍ ဘုရားသခင် ရှေ့တော်၌ လူအပေါင်းတို့၏ စိတ်ထင်အတိုင်း ချီးမွမ်းဖွယ်သောအကျင့်မလေ့ကို ကျင့်ကြ၏။ … ငါတို့သည် ကိုယ်အကြောင်းကို ဟောပြောကြသည်မဟုတ်။ ယေရှုခရစ်သည် သခင်ဖြစ်တော်မူကြောင်း ကိုလည်းကောင်း၊ ငါတို့သည် ယေရှုအတွက် သင်တို့၏ကျွန်ဖြစ်ကြောင်းကိုလည်းကောင်း ဟောပြော ကြ၏။"** ၁ ကော ၄ း ၂ , ၅။ ယနေ့လည်းရှင်ပေါလုခေတ်ကဲ့သို့ပင် ဖြစ်ပျက်နေပါသည်။ လူတို့သည် ၎င်းတို့အတွက် တပည့်နောက်လိုက် ရရန်ရှာကြံနေကြပါသည်။ ယင်းတို့အတွက် အဖြေတစ်ခုသာရှိပါသည်။ ယနေ့ပြုလုပ်နေသော နိမိတ် လက္ခဏာများတို့သည် ရိုးစင်းသော လိမ်ညာမှုများသာဖြစ်ပါသည်။ ထိုသူတို့ ပျို့ရွယ်စဉ်မှ စွဲကပ်ခဲ့သော မကောင်းမှုတို့၏ပုံရိပ်ကို သိမြင်နိုင်ပါသည်။ ယခုအခါ **Charismatic** နှင့် **Pentecostal** ဝိညာဉ်ဆု ကျေးဇူး အလေးထားသော အသင်းတော်များနှင့် ပင်တေကုတ္တေအသင်းတော်များတွင် သန့်ရှင်းသော ဝိညာဉ်တော်၌ ငိုကြွေးခြင်း၊ သန့်ရှင်းသော ရယ်မောခြင်းများကို အသစ်အဖြစ်ဖန်တီး

ပြုလုပ်ကြပါသည်။ သမ္မာကျမ်းစာတွင် ဤအရာတို့ပါဝင်ပါသလား။ မပါဝင်ပါ။ ကျွန်တော်တို့သည် နှုတ်ကပတ်တော်ကိုသာ နာခံလိုက်နာပြီး လူ၏စိတ်လှုပ်ရှားမှုများနောက်သို့ မလိုက်ပါ။

ဒုတိယအချက်အနေဖြင့် ဤအရာတို့သည် စိတ်ခံစားမှုအပေါ် တည်သောကစားကွက်များ ဖြစ်ပါသည်။ ကျွန်တော်တို့၏ စိတ်သည် အလွန်ထူးခြားဆန်းကြယ်သော ဘုရားသခင်ထံမှ ဆုကျေးဇူးတစ်ခု ဖြစ်ပါသည်။ မည်သူမျှ မိမိတို့၏ စိတ်အစဉ်ကို အပြည့်အဝအသုံးမပြုနိုင်ပါ။ ကျွန်တော်တို့ နားလည်နိုင်သည်ထက် ပိုမိုကျယ်ပြန့်ပါသည်။ ကျွန်တော်တို့၏ စိတ်အစဉ်နှင့် ကိုယ်ခန္ဓာတို့သည် ကြောက်မက်ဖွယ်ကောင်းခြင်းနှင့် အံ့သြဖွယ်ကောင်းခြင်းတို့ဖြင့် ဖန်ဆင်းထားပါသည်။ အကယ်၍ သင်သည် အစာကို ကြာမြင့်စွာ မစားသောက်ဘဲနေပါက သင်၏စိတ်အစဉ်၏လှည့်စားခြင်း၊ ကစဉ့်ကလျားဖြစ်ခြင်းကို ခံစားတွေ့ကြုံရပါလိမ့်မည်။ မူယစ်ဆေးဝါးသောက်သုံးသူများ ထိုသို့ဖြစ်တတ်ကြောင်း ကျွန်တော်တို့ ဖတ်ဖူးပါသည်။

ယနေ့ထင်ယောင်ထင်မှားဖြင့် ရောဂါငြိမ်းစေခြင်းများသည် ထင်ယောင်ထင်မှားမှုဖြင့် ခံစားနေရသော ရောဂါများသာဖြစ်ပါသည်။ ထင်ယောင်ထင်မှုဖြင့် ဆက်နွယ်သောရောဂါဆိုသည်မှာ စိတ်အစဉ်သည် ကိုယ်ခန္ဓာကို ထိန်းချုပ်ထားမှုဖြင့် ဖြစ်ပေါ်သော ရောဂါဖြစ်သည်။ ဥပမာအားဖြင့် လူတစ်ယောက်သည် သူ၏ လက်မောင်းကို တခုသောနေရာထက်ပို၍ မ မ နိုင် မလှုပ်ရှားနိုင်ဖြစ်လာသောအခါ သူ၏ကိုယ်ခန္ဓာ ချို့ယွင်းချက်ကြောင့်မဟုတ်ပါ။ သူ၏စိတ်အစဉ်၏ ထိန်းချုပ်မှုကြောင့်သာဖြစ်ပါသည်။ အကယ်၍ လက်မောင်းကို မ နိုင်သည်ထက် ပို၍ မ လိုက်လျှင် လှုပ်ရှားလိုက်လျှင် နာကျင်မှုခံစားရမည်ကို ကြောက်ရွံ့ခြင်းကြောင့် ဖြစ်ပါသည်။ အကယ်၍ တစ်စုံတစ်ဦးက ယင်းလက်မောင်းကို စိတ်လှုပ်ရှားမှုနှင့် အတင်းဆွဲမလိုက်သောအခါ ထိုလက်မောင်းသည် မ၍ ရနိုင်ပါလိမ့်မည်။ ဤသည်ကား အမှန်တကယ် အနာရောဂါ ငြိမ်းစေခြင်း မဟုတ်ပါ။ သခင်ယေရှု၏မွေးရာပါ မျက်စိမမြင်သူကို မြင်စေသကဲ့သို့သော အနာရောဂါငြိမ်းစေခြင်းမျိုး မဟုတ်ပါ။ စိတ်အစဉ်ကြောင့်ဖြစ်သည့်ရောဂါများကို သွေးဆောင်ခြင်းအနည်းအများပေါ်တွင် မူတည်၍ ကျော်လွှားနိုင်ပါသည်။

တတိယအချက်အနေဖြင့် ကျွန်တော်တို့သည် စာတန်၏ အံ့သြဘွယ်ရာများ လုပ်ဆောင်နိုင်မှု တန်ခိုးကို လျှော့မတွက်ဆသင့်ပါ။ အစအဦးကပင် စာတန်းသည် မုသား၏အဖနှင့် လိမ်လည်လှည့်ဖြားသော သူဖြစ်သည်။ ရှင်ပေါလုသည် ဗျာဒိတ်ကျမ်းစာတွင် စာတန်သည် တန်ခိုးကြီးသောသူအဖြစ် ရေးသားထား ပါသည်။ ဗျာ ၂း၂ , ၆ း ၁၀ - ၁၁။ ထို့ပြင် ရှင်ပေါလုသည် လာလတ္တံ့သော အဓမ္မလူနှင့် အန္တိခရစ် အကြောင်း ရေးသားထားပါသည်။ ထိုအဓမ္မလူ၏ လာခြင်းအကြောင်းဟူမူကား၊ စာတန်ပြုပြင်သော အားဖြင့် မုသားနှင့် စပ်ဆိုင်သော ထူးဆန်းသောတန်ခိုး၊ နိမိတ်၊ လက္ခဏာ၊ အံ့ဖွယ်သော အမှု အမျိုးမျိုးနှင့်လည်းကောင်း ပျက်စီးခြင်းသို့ရောက်သောသူတို့တွင် မတရားသော လှည့်ဖြားခြင်း အမျိုးမျိုးနှင့်လည်း လာလိမ့်မည်။ အကြောင်းမူကား ထိုသူတို့သည် ကယ်တင်ခြင်းသို့ ရောက်အံ့

**သောငှာ သမ္မာတရား၌ မွေ့လျော်သောစိတ်ကို မခံမယူကြ။** ၂ သက်သာ ၂ း ၉ – ၁၀။ စာတန်သည် အစိပ်အစိပ်အမွှာမွှာကွဲလွင့်စေရန်နှင့် ရှုပ်ထွေးမှုဖြစ်စေရန်စီစဉ်သူဖြစ်ပါသည်။ စာတန်သည် ယနေ့ဖြစ်နေသော ထင်ယောင်ထင်မှားနိမိတ်လက္ခဏာများတွင် ပါဝင်ဆက်နွယ်နေမည်သာဖြစ်ပါသည်။

## သီးခြားကိစ္စရပ်များ

ယခု ယနေ့ပြုလုပ်လျှက်ရှိနေသော ထင်ယောင်ထင်မှားနိမိတ်လက္ခဏာနှင့် တမန်တော်တို့၏ နိမိတ်လက္ခဏာတို့ကို သီးခြား ဆန်းစစ်ကြည့်ကြပါစို့။ ယနေ့အထူးလုပ်ဆောင်နေသည့်အရာမှာ "**အခြားဘာသာစကားပြောခြင်း**" ပင် ဖြစ်ပါသည်။ ယခင် မတတ်ကျွမ်းသော ဘာသာစကားကို မိမိမှပြောဆိုနိုင်ခြင်းသည် အစွမ်းတစ်ခုပင်ဖြစ်ပါသည်။ မူလအခြားဘာသာစကားပြောဆိုခြင်းကို လေ့လာမည်ဆိုလျှင် ပင်တေကုတ္တေနေ့ကို ဥပမာပြုရပါလိမ့်မည်။ တမန်တော် ဝတ္ထုအခန်းကြီး (၂) တွင် တမန်တော်တို့သည် ပင်တေကုတ္တေပွဲနေ့၌ ယေရုရှလင်မြို့၌ စုဝေးလျှက် မိမိတို့မသိကျွမ်းသော ဘာသာစကားဖြင့် ဟောပြောခဲ့ကြပါသည်။ **"ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်၍ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည့်အတိုင်း အမျိုးမျိုးသော ဘာသာစကားအားဖြင့် ဟောပြောကြ၏။** တမန် ၂ း ၄။

ဟောပြောသောသူတို့သည် ဂါလိလဲနယ်သားများဖြစ်ကြသည်။ သို့သော်လည်း ယင်းအချိန်တွင် အတိုင်းတိုင်းအပြည်ပြည်မှ လူများတို့သည် ယေရုရှလင်မြို့တွင် ရှိနေပြီး သူတို့သည် မိမိတို့၏ မိခင်ဘာသာစကားဖြင့် ဟောပြောမှုကို ကြားနေရခြင်းမှာ ဘုရားသခင်၏ အံ့ဖွယ်လုပ်ဆောင်မှုပင်ဖြစ်ပါသည်။ အခြားဘာသာစကား၏ အရေးကြီးသော စရိုက်လက္ခဏာတစ်ခုမှာ အမှန်တကယ်တည်ရှိနေသော ဘာသာစကားဖြစ်ရပါမည်။ နောက်စရိုက်လက္ခဏာတစ်ခုမှာ ဟောပြောသောသူ မသိနားမလည်သော ဘာသာစကားဖြစ်ရပါမည်။ အခြားဘာသာစကားပြောခြင်းဟူသော နာမကိုပင် တေကုတ္တေပွဲနေ့မှစ၍ ရရှိခဲ့ပါသည်။ ကျွန်တော်တို့သည် ကော်နေလိ နေအိမ်တွင် ဗတ္တိဇံဆရာယောဟန်၏ ယခင်တပည့်များနှင့်ပင် တေကုတ္တေပွဲမှ ဆက်နွယ်ရရှိသော အခြားဘာသာစကားပြောဆိုကြသည့် ကောရိန္သုအသင်းတော် ပြဿနာကိစ္စကို စဉ်စားကြပါစို့။ ဤသည်မှာ ရိုးရှင်းသော ဘာသာပြန်ခြင်းပင်ဖြစ်ပါသည်။ ယနေ့အခြားသော ဘာသာစကားပြောနေခြင်းနှင့် ပင်တေကုတ္တေ ဖြစ်စဉ်ကို နှိုင်းယှဉ်ကြည့်သင့်ပါသည်။ ယနေ့ မြောက်မြားစွာသောသူများ ပြောဆိုနေသည့် အခြားဘာသာ စကားများမှာ မပီမသ မပီမပြင်သာဖြစ်ပါသည်။ စစ်မှန်သော အခြားဘာသာစကားပြောခြင်းသည် အမှန်တကယ်တည်ရှိသော စကားဘာသာဖြစ်ရပါမည်။

ကောရိန္သုအသင်းတော်တွင် မသင့်လျော်သော အခြားဘာသာစကားပြောဆိုခြင်းများကြောင့် ပြဿနာများ ဖြစ်ပေါ်လာသဖြင့် ရှင်ပေါလုမှ အခြားဘာသာစကားပြောရာတွင် အနက်အဓိပ္ပါယပြန်ဆိုသူ ရှိရမည်ဟု ဆိုခဲ့ပါသည်။ **"အခြားသောဘာသာစကားဖြင့် ဟောပြောသောသူရှိလျှင်၊ နှစ်ယောက်ဖြစ်စေ၊ အများဆုံးဆိုသော် သုံးယောက်ဖြစ်စေ၊ တစ်ယောက်နောက်တစ်ယောက်ပြော၍ တစ်ယောက်သောသူသည် အနက်ကို ဖော်ပြစေ။ စကားပြန်မရှိလျှင် ဟောပြောသူသည် အသင်းတော်၌ တိတ်ဆိတ်စွာ နေ၍ မိမိအားလည်းကောင်း၊ ဘုရားသခင်အားလည်းကောင်း ပြောစေ။ ၁ ကော ၁၄ း ၂၇ – ၂၈၊** ယနေ့ အခြားဘာသာ စကားပြောဆိုခွင့် ဆုကျေးဇူးကိုသာ တောင်းခံသင့်ရန် မဟုတ်ဘဲ အနက်အဓိပ္ပါယ်ကို ပြန်ဆိုနိုင်ခွင့် ဆုကျေးဇူးကိုပါ တောင်းခံသင့်ပါသည်။ အနက်ပြန်ဆိုသူ အခြားတစ်ဦးဦး ရှိလျှင် သာ၍ကောင်းမွန်ပါမည်။

တမန်တော်လက်ထက်တွင် ဝတ်ပြုကိုးကွယ်ရာတွင် အခြားဘာသာစကားပြောဆိုခြင်းသည် ပြင်းထန်မှုမရှိခဲ့ပါ။ ယနေ့ မပီပြင်မရေရာသော အခြားဘာသာစကားပြောဆိုခြင်းသည် တည်ဆောက်စေရန် မဟုတ်ဘဲ သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုးရသည်ဟု ဖော်ပြခြင်းသာဖြစ်ပါသည်။ ရှင်ပေါလုမှ **"ခပ်သိမ်းသော အမှုတို့ကို တည်ဆောက်ခြင်းအလို့ငှာ စီရင်ကြလော့ ... ဘုရားသခင်သည် ရုန်းရင်းခတ်သောအမှုကို ပြုစုတော်မမူ။ သန့်ရှင်းသူတို့၏ အသင်းတော်အပေါင်းတို့၌ ဖြစ်သကဲ့သို့ အသင့်အတင့်ငြိမ်ဝပ်ခြင်းကို ပြုစုတော်မူ၏။ ၁ ကော ၁၄ း ၂၆ , ၃၃**

ဒုတိယအနေဖြင့် မကြာခဏမြင်တွေ့နေရသော နိမိတ်လက္ခဏာတစ်ခုမှာ အနာရောဂါငြိမ်းစေခြင်း ပင်ဖြစ်ပါသည်။ ကျွန်တော်တို့ ထင်ယောင်ထင်မှား ရောဂါကို လေ့လာပြီးဖြစ်ပါသည်။ ဆရာဝန်များ လုံးဝ လက်လွှတ်သော်လည်း ဘုရားသခင်မှ အနာရောဂါကို ပေးပျောက်စေနိုင်သည်ဟု ကျွန်တော်တို့အားလုံး ဝန်ခံပြီး ဖြစ်ပါသည်။ ကျွန်တော်တို့သည် တစ်ဦးနှင့်တစ်ဦးအတွက် အနာရောဂါပျောက်စေရန်နှင့်ပြန်လည် ကျန်းမာ စေရန် ဆုတောင်းပေးရမည်ကို ယုံကြည်လက်ခံပါသည်။ ခရစ်ယာန်အားလုံး လက်ခံသော အရာဖြစ်ပါသည်။ ယနေ့ ကျွန်တော်တို့လက်တင်ဆုတောင်းသောအခါ ဘုရားသခင်မှ အနာရောဂါ ပေးပျောက်စေခြင်းမှာ အထက်ပါကိစ္စနှင့်မသက်ဆိုင်ပါ။ မကျန်းမာသူတစ်ဦးကို **"ရောဂါငြိမ်းစေ"** ဟုသာ ဆုတောင်းသင့်ပြီး အခြားသူများမှ ကူညီဆုတောင်းပေးရန် လိုအပ်ပါသည်။ **ငါရဲ့အရိပ်လူနာအပေါ်မှာကျရုံနှင့် ကျန်းမာသွားမည်ဟု မည်သူကဆိုဝံ့သနည်း။ (သို့) ငါ့ဆီက လက်ကိုင်ပုဝါတစ်ထည်ယူရုံနှင့် ရောဂါအားလုံးပျောက်မည်ဟု မည်သူကဆိုဝံ့သနည်း။**

တတိယတစ်ခုမှာ မကြာခဏတွေ့မြင်နေရသည့် ရူပါရုံရသည် ဗျာဒိတ်ရသည်ဟူသည့် ကိစ္စပင်။ ကျွန်တော်တို့ယနေ့ပြုလုပ်နေသော ဤသင်တန်းသို့ အာဂပုဝင်လာပြီး ဘုရားသခင်ထံမှ ဗျာဒိတ် (သို့) အိမ်မက်တစ်ခုကို ပြောနိုင်ခွင့်ရှိပါမည်လား။ သမ္မာကျမ်းစာသည် ပြီးပြည့်စုံနေပြီးဖြစ်ပါသည်။ သန့်ရှင်းသော

ဗျာဒိတ်ဖော်ပြချက်တို့ ပြီးပြည့်စုံသွားပြီး နောက်ထပ် အသစ်မထည့်သွင်းရန် သတိပေးထားပြီး ဖြစ်ပါသည်။

တရားဟောရာကျမ်း အခန်းကြီး (၁၃)တွင် ဓမ္မဟောင်းခေတ်ကာလက မှားယွင်းသောလိမ်ညာထားသော အိမ်မက်မက်သူများအကြောင်း ဖော်ပြထားပါသည်။

ယနေ့နတ်ဆိုးများကို နှင်ထုတ်သူများပေါ်ပေါက်လာနေပါသည်။ အထက်က အနာရောဂါငြိမ်းစေသူများကဲ့သို့နှင့် အတူတူပင်ဟု ဆိုရပါမည်။ သခင်ယေရှုခေတ်တွင် နတ်ဆိုးတို့သည် လူကိုပူးကပ်ခြင်းများစွာဖြစ်ပေါ်ခဲ့ပါသည်။ ဤသမိုင်းကို လေ့လာရန်လိုပါသည်။ ဘုရားသခင်၏သားတော်သည် လူ့လောကသို့ ကြွရောက်လာသောအခါ ရန်သူဟောင်းသည် ကိုယ်တော်ကို ယှဉ်ပြိုင်အန်တုနိုင်သမျှ အန်တုခဲ့ပါသည်။ ကျွန်တော်တို့နတ်ဆိုးများ ပူးကပ်ခဲ့သည်များကို ဓမ္မသစ်ကျမ်းအရ သိရှိပြီးဖြစ်ပါသည်။ သို့သော်လည်း ဘုရားသခင်၏တန်ခိုးတော်သည် စာတန်ထက် ပို၍ကြီးမားကြောင်း သိပြီးဖြစ်သဖြင့် သခင်ခရစ်တော်နှင့် သူ၏တမန်တော်များက နတ်ဆိုးများကို နှင်ထုတ်ခြင်း (သို့) ကျဆုံးသောကောင်းကင်တမန်တို့ လူတို့တွင်ပူးကပ်၍ ညှင်းဆဲခြင်းများကို နှင်ထုတ်ကယ်လွှတ် ပေးခဲ့ကြပါသည်။

ယင်းနတ်ဆိုးများ ပူးကပ်ခြင်းများ ယနေ့ထိရှိနေသည်ဟုဆိုလျှင် မေးခွန်းထုတ်စရာဖြစ်နေပါသည်။ ကျွန်တော်တို့တွင် ဆုတောင်းခြင်းတန်ခိုးရှိပါသည်။ ဖြောင့်မှတ်သောသူ၏ဆုတောင်းခြင်းသည် ကြီးမားသော တန်ခိုးအစွမ်းများသက်ရောက်နိုင်ပါသည်။

မေးခွန်းများ

အကယ်၍ အသင်းတော်တွင် သာမန်ဆုကျေးဇူးများကို ယနေ့တိုင်ရရှိသဖြင့် အံ့ဖွယ်နိမိတ်လက္ခဏာများ ပြုလုပ်နိုင်သည်ဟု ဆိုခဲ့ပါလျှင် မေးခွန်းတချို့ကို ဖြေရပါလိမ့်မည်။

အဘယ့်ကြောင့် ဆုကျေးဇူးအားလုံးမဟုတ်ဘဲ တချို့သော ဆုကျေးဇူးနိမိတ်လက္ခဏာများသာ ဆက်လက်တည်ရှိရသနည်း။ မည်သူသည် အဆိပ်ပြင်းသောမြွေကို ကောက်ယူနိုင်သနည်း။ **မာကု ၁၆ း ၁၈** ရှင်ပေါလုကို မေလိတေကျွန်းတွင် အဆိပ်ပြင်းသောမြွေကိုက်ခဲ့သော်လည်း မည်သို့မျှမဖြစ်ခဲ့ပါ။ **တမန် ၂၈ း ၃–၆၊** ယနေ့ကျွန်တော်တို့မြွေကိုက်ခဲ့လျှင် ဆေးရုံတင်ရမည် (သို့) ဆေးကုသရမည် (သို့) သေမည်။ ကျွန်တော်တို့ ကျေးဇူးကိုစမ်းသပ်ရန် မြွေဆိုးအကိုက်ခံပြီး လုပ်ဆောင်ပါက ဘုရားသခင်ကို စုံစမ်းရာကျပါသည်။ အဘယ်သူသည် စမ်းသပ်ရန်အတွက် အဆိပ်ကို သောက်ရဲသနည်း။ **မာကု ၁၆ း ၁၈** အဘယ့်ကြောင့် သာမန်ဆုကျေးဇူးများသည် အသင်းတော် အားလုံးတွင်မရှိသနည်း။ ရှင်လုကာ ၁၀ း ၁၇ တွင် တပည့်တော် (၇၀)ဦးတို့ ပြန်လာပြီး **"သခင်ကိုယ်တော်၏ နာမအားဖြင့် ကျွန်ုပ်တို့သည် နတ်ဆိုးကိုပင်နိုင်ပါသည်ဟု လျှောက်ကြ၏"** ဤကျမ်းပိုဒ်နှင့် အခြားများစွာသော ကျမ်းပိုဒ်များတွင် ဤဆုကျေးဇူးများသည် ကျယ်ပြန့်စွာဖြင့် တမန်တော်တို့၏ နေ့ရက်များတွင် တည်ရှိခဲ့ပါသည်။ အဘယ့်ကြောင့်ယနေ့မရှိတော့သနည်း။"

**စစ်မှန်သောတန်ခိုးသည် နှုတ်ကပတ်တော်တွင်ရှိသည်။**

ကျွန်တော်တို့သခင်ဘုရားဥ္စထားရှိသော ယုံကြည်ခြင်းကို ကြီးထွားလာစေရေးအတွက် မြင်သာသော နိမိတ်လက္ခဏာများ မပြုလုပ်သင့်ပါ။ ကျွန်တော်တို့တပည့်နောက်လိုက်များ တိုးပွားစေရန် နိမိတ်လက္ခဏာများဖြင့် မစည်းရုံးသင့်ပါ။ စာတန်သည် ဤနောက်ဆုံးနေ့ရက်ကာလတွင် လိမ်လည်မှုများကို ပြုလုပ်နေသည်ကို သိရှိရန်လိုအပ်ပါသည်။ ကျွန်တော်တို့ အသက်တာအတွက် လိုအပ်ချက်နှင့် သိကျွမ်းရန်မှာ သမ္မာကျမ်းစာသာလျှင် ဖြစ်ပါသည်။ ကျွန်တော်တို့ ကျမ်းစာကို မကိုးကွယ်ပါ။ သို့သော် သမ္မာကျမ်းစာကို ပေးအပ်သည့် သခင်ဘုရားကိုသာ ကိုးကွယ်ပါသည်။ သမ္မာကျမ်းစာသည် ကိုယ်တော်၏နှုတ်ကပတ်တော် ဖြစ်ပါသည်။ ဘုရားသခင်မှုတ်သွင်းတော် မူသည်ဟု ရှင်ပေါလုကဆိုပြီး လူအားဖြင့် နှုတ်ကပတ်တော် ဖြစ်မလာဟု ရှင်ပေတရုကဆိုပါသည်။ ကျွန်တော်တို့ သမ္မာကျမ်းစာကို ဖတ်ရှုလေ့လာသောအခါ သန့်ရှင်းသောဝိညာဉ်တော်သည် အမှန်တရားသို့ ခေါ်ဆောင်သွားပါလိမ့်မည်။ ထိုအခါ ကျွန်တော်တို့ မှားယွင်းသောဝိညာဉ်ကို ခြင်းပယ်နိုင်ပါလိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပါတ်တော်သည် အသက်ရှိပြီး ရှင်သန်ပါသည်။ ဤနှုတ်ကပတ်တော်သာလျှင် ကျွန်တော်တို့ အသက်တာရှိ တန်ခိုးဖြစ်ပါသည်။ နှုတ်ကပတ်တော်သည် နှုတ်ကပတ်တော်အားဖြင့် လူဇာတိကိုခံယူ၍ ကျွန်တော်တို့၏ကယ်တင်ခြင်းအတွက် ကျွန်တော်တို့နှင့်အတူ တည်ရှိနေပါသည်။

**သခင်ယေရှုမိန့်တော်မူသကဲ့သို့ သင်တို့သည် နှုတ်ကပတ်တော်အားဖြင့် အလုပ်လုပ်နေသာ ဝိညာဉ်နှင့် ပြည့်ဝကြပါစေ။**

**ထိုဝိညာဉ်တော်သည် သခင်ယေရှု၏ မိန့်မှာချက်များကို သတိရအောင်မေ့သော အခွင့်ကို ပေးပါစေ။**

**ထိုဝိညာဉ်တော်သည် အရာခပ်သိမ်းကို သင့်အားသွန်သင်ပေးနိုင်ပါစေ။**

**ထိုဝိညာဉ်တော်သည် အမှန်တရားအားလုံးသို့ လမ်းပြပို့ဆောင်ပါစေ။**

**ဘုရားသခင်တဆူတည်းသာ ဂုဏ်တော်ဘုန်းတော်နှင့် ပြည့်ဝချီးမွမ်းခံထိုက်ပါသည်။**

**Test The Spirits by Rev. David Koenig CLC (USA)**

ဘာသာပြန်သူ

**Rev. Charles Edwards**

**Pastor**

**National Lutheran Church of Myanmar**

**Yangon : 2014**